
ဝိုလ်ဖူးအိမ်
စာရေးသူ - မိုးဇွေ

# "ဗိုလ်မှူး အိမ်"

စစ်ပိုင်တို့ နယ်မှာ ဗိုလ်မှူးအိမ်ဆို မသိတဲ့ သူ မရှိသလောက်ပဲ ဗိုလ်မှူး ဆိုတာကလည်း စစ်ပိုင်ရဲ့ ဦးလေးအရင်းအိမ်လေ…၊ အရပ်က ဗိုလ်မှူးလို့ ခေါ်နေကြတာ စစ်ပိုင်ဦးလေး ဗိုလ်တင့်ကိုပေါ့…၊ ဘာကြောင့် ဗိုလ်တင့်ကနေ ဗိုလ်မှူး ဖြစ်သွားတာလဲဆိုရင် အမှန်က ဗိုလ်မှူး မဟုတ်ဘူး …၊ ဗိုလ်မှူးမှ အမှန်…၊ စစ်ပိုင်ရဲ့ ဦးလေး ဗိုလ်တင့်ကို ကြည့်လိုက်ရင် သူ့မိန်းမ မရှိတော့တဲ့ နောက်ပိုင်း ယမကာနဲ့ ပဲ ပေါင်းသင်းနေခဲ့တာ နှစ်တော်တော် ကြာပြီလို့ ဆိုလို့ ရတယ်။

ဗိုလ်မှူးတို့ အိမ်ကလည်း နာမည်ကြီးနော်… နာမည်ကြီးတာမှ တော်တော်ကို ကြီးတာ မကောင်းသတင်းနဲ့ နာမည်ကြီးတယ်လို့ ပြောရင် ပိုမှန်လိမ့်မယ်၊ ဗိုလ်မှူးရဲ့ အိမ်က သရဲခြောက်တယ်တို့ ၊ ညဘက် သူ့အိမ်နားက ဖြတ်သွားရင် အိမ်ထဲမှာ ဘာကို လှမ်းတွေ့တတ်တယ် စတဲ့ သတင်းတွေနဲ့ နာမည်ကြီးတဲ့ အိမ်ပေါ့… ကာယကံရှင် ဗိုလ်တင့်ကတော့ သူတစ်ကြိမ်မှ သရဲအခြောက်မခံရဖူး ဆိုတာကို ပြောတတ်တယ်၊ တွေ့တဲ့ သူတွေကလည်း တကယ်ကို သရဲရှိပါတယ်ဆိုပြီး အသက်နဲ့ ကိုလောင်းစားပြီး ပြောတတ်ကြတယ်၊ ဒါကြောင့် ဟုတ်တာ မဟုတ်တာ အပထား… ကလေးကအစ ခွေးအဆုံး ဗိုလ်မှူးတို့ အိမ်မှာ သရဲခြောက်တယ်၊ သရဲရှိတယ် ဆိုတာကို လက်ခံထားကြတယ်။

ကုန်ကုန်ပြောရရင် ဆွေမျိုးရင်းချာတွေနဲ့ စစ်ပိုင် တို့ တွေကပါ နယ်

ကို ရောက်တယ် ဆိုရင်တောင် ဗိုလ်မှူးအိမ်မှာ တစ်ကြိမ်မှ မတည်းကြဘူး…။

ဗိုလ်မှူးတို့ အိမ်နဲ့ ကပ်လျက် နားမှာ ရှိတဲ့ ဗိုလ်တင့်တို့ အမေ … စစ်ပိုင်တို့ အဘွားအိမ်မှာ ပဲ သွားတည်း ဖြစ်ကြတယ်၊ ဒီလို ဒီလိုအထိကို နာမည်ကြီးပြီး လူတကာ ကြောက်တဲ့ ဗိုလ်မှူးအိမ်မှာ တစ်နေ့တော့…..

"စစ်ပိုင်ရေ မနက်ဖြန်က အလှူဆိုတော့ ဒီနေ့မှ အမျိုးတွေလာစုံပြီး အဘွားအိမ်မှာ လူစည်နေတယ် မြေးရေ…"

အမှန်ပါပဲ… အဘွားရဲ့ အိမ်အကျယ်ကြီးမှာ တောင် ဒီလောက်လူတွေ ပြည့်လျှံနေတာကိုပဲ ကြည့်လေ…

"ဟုတ်ကဲ့အဘွား"

"ဒီတော့ ငါ့မြေးရယ်… ဟိုမှာ တွေ့လား မင်းတို့ နှစ်ဝမ်းကွဲ ဘကြီး လွယ်အိတ်အနီကြီးနဲ့ …"

လူအုပ်ကြားထဲက အဘွား လက်ညှိုးညွှန်တဲ့ ဘက်ကို စစ်ပိုင် လှမ်းကြည့်လိုက်တော့ အသက် ငါးဆယ်ဝန်းကျင် လူကြီးတစ်ယောက်ကို တွေ့လိုက်ရတယ်။

"သြော်… ဟိုမှာ ပဲ တွေ့ပြီ အဘွား…"

အဘွားက ကျေနပ်သလို ပြုံးလိုက်ရင်း

"အေးအေး… သူ့ကို ဒီမှာ ညသိပ်ဖို့ နေရာ မဆံ့တော့ဘူး သားရေ တော်တော် ကျပ်နေကြပြီ… ဗိုလ်တင့်တို့ အိမ်က အကျယ်ကြီးပါ ဆိုတာကို ဘယ်အမျိုးကမှ မျက်စောင်းတောင် မထိုးကြဘူး တို့ အမျိုး သတ္တိကောင်းချက် ကတော့ ပြောမနေနဲ့ …၊ အဲဒီတော့ မင်းဘကြီးကို သေချာမေး … သူကတော့ ကြောက်တတ်တဲ့ သူ မဟုတ်ဘူး ဆိုတော့ ဗိုလ်တင့်

အိမ်မှာ ဒီတစ်ည တည်းလို့ အဆင်ပြေမလား မေးကြည့် မြေး... တကယ်လို့ သူမပြေဘူးဆို ဘုန်းကြီးကျောင်းသာ လိုက်ပို့ပေးလိုက်ကွယ်... အဘွား ဧည့်သည် တွေ အတွက် လက်ဖက် သွားပြင်လိုက်ဦးမယ်ကွဲ့ စိတ်ချမယ်နော် မြေး..."

"ဟုတ်ကဲ့ပါ အဘွား စိတ်ချလက်ချ နေပါဗျာ"

"အေး...အေး...အေးကွယ်"

စစ်ပိုင်က ပြောပေးမယ်ဆိုပြီး အဘွားကို ကတိပေးထားပေမဲ့ သူကိုယ်တိုင်တောင် ရန်ကုန်ကနေ ဒီကို ရောက်တဲ့ အခါတိုင်း အဲဒီ အိမ်မှာ မနေရဲတာကြောင့် အဘွားအိမ်မှာ ပဲ တည်းနေရတာလေ...၊ အခု ကိုယ်တောင် မနေချင်တဲ့ နေရာကြီးမှာ သူများကို နေမလားလို့ သွားမေးရမှာ သိပ်တော့ ဘဝင်မတွေ့မိဘူး ... ဒါပေမဲ့ အဘွားရဲ့ စကားမို့ မတက်သာဘဲ သွားမေးဖြစ်ခဲ့တယ်။

"ဘကြီး... ဘကြီး... အဘွားက ဒီမှာ လူပြည့်နေတော့ ဘကြီးကို အားနာလို့ တဲ့ ဘေးနားက ဦးလေး ဗိုလ်တင့်တို့ အိမ်မှာ တည်းရဲရင် လိုပို့ပေးလိုက်ပါလို့ တော့ ပြောတယ်၊ တကယ်လို့ မတည်းရဲဘူးဆိုရင် ဘုန်းကြီးကျောင်းက အနီးလေးရှိတယ် တစ်ညပဲမို့ အဆင်ပြေတယ် ဘကြီး ဘယ်လိုလုပ်ချင်လဲ ကျွန်တော် လိုက်ပို့ပေးမယ်"

စစ်ပိုင်စကားကို သူ့နှစ်ဝမ်းကွဲ ဘကြီးက တစ်ချက်လေးတောင် မတွေဝေဘဲ

"နေ... နေ... ရတယ် ငါ့တူကြီး...ငါက အရပ်ထဲက ကောလာဟလတွေ အယုံအကြည် မရှိဘူး၊ ငါ ဗိုလ်တင့်တို့ အိမ်မှာ ပဲ တည်းမယ်... တစ်ညဆိုတာ ဖင်လှည့် ခေါင်းလှည့်ပါကွာ... မဟုတ်ဘူး လား ဟားဟား"

သူ့ရဲ့ မျက်နှာမှာ တစ်ချက်လေးမှ ကြောက်စိတ် မမြင်ရတာနဲ့ စစ်ပိုင်လည်း စိတ်ချသွားပြီးတော့

"ဒါဆို ဦးလေး ကျွန်တော့်နောက်လိုက်ခဲ့ ကျွန်တော် လိုက်ပို့ပေးမယ် "

ပြောပြောဆိုဆိုနဲ့ စစ်ပိုင်က ရှေ့ဆုံးက ဦးဆောင် ခေါ်သွားဖြစ်ခဲ့တယ်။

***